# ISP-MYANMAR

# Gabyin Community

## ISP DATA MATTERS
Conflict, Peace and Security


## ISP ကပြင်ရပ်ဝန်း

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ် - ၃၃(က)** | ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်

## နိုင်ငံတဝန်းလုံးတွင် တိုက်ပွဲပေါင်း ၇,၇၀၀ ကျော် ဖြစ်ပွား

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်အထိ)

စစ်အာဏာသိမ်းမှုအလွန် ယခုနှစ် အောက်တိုဘာ ၁၂ ရက်အထိ နိုင်ငံတဝန်း လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲပေါင်း **၇,၇၀၃ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲများအနက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ (EAOs) များအကြား တိုက်ပွဲပေါင်း **၄,၅၂၀ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF/CDF/CNDF/KNDF စသဖြင့်) များအကြား တိုက်ပွဲဖြစ်ပွားမှုများမှာလည်း **၂,၁၆၉ ကြိမ်ထက်မနည်း** ရှိခဲ့သည်။





ရည်ညွှန်း - ယခုဖော်ပြပါအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပေါ် အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားခြင်းဖြစ်သည်။ မြေပြင်တွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ် - ၃၃(ခ)** | ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်

## ကရင်ပြည်နယ်တွင် တိုက်ပွဲအများဆုံးဖြစ်ခဲ့

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်အထိ)

စစ်အာဏာသိမ်းမှုအလွန် ယခုနှစ် အောက်တိုဘာ ၁၂ ရက်အထိ နိုင်ငံတဝန်းဖြစ်ပွားခဲ့သည့် တိုက်ပွဲပေါင်း **၇,၇၀၃ ကြိမ်ကျော်**အနက် ကရင်ပြည်နယ်တွင် တိုက်ပွဲပေါင်း **၄,၃၈၃ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့ပြီး အများဆုံးဖြစ်သည်။ ဒုတိယအများဆုံးဒေသမှာ စစ်ကိုင်းတိုင်းဖြစ်ပြီး တိုက်ပွဲပေါင်း အကြိမ် **၈၃၀ ထက်မနည်း** ဖြစ်ပွားခဲ့သည်။




ရည်ညွှန်း - ယခုဖော်ပြပါအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပေါ် အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားခြင်းဖြစ်သည်။ မြေပြင်တွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

www.ISPMyanmar.com/community

# ISP-MYANMAR


## ISP DATA MATTERS
Conflict, Peace and Security

## Gabyin Community
…င်ရပ်ဝန်း

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ် - ၃၃(ဂ)** | ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်

### ■ မြို့နယ်ပေါင်း ၁၈၆ ခုတွင် တိုက်ပွဲများဖြစ်ပွားခဲ့
(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်အထိ)

စစ်အာဏာသိမ်းမှုအလွန် နိုင်ငံအနှံ့ လက်နက်ကိုင်ပဋိပက္ခ တိုက်ပွဲများ ပိုမို မြင့်တက်လာခဲ့ပြီး မြို့နယ်ပေါင်း ၁၈၆ ခုတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် တိုက်ပွဲပေါင်း **၃,၇၆၇ ကြိမ်ထက်မနည်း** ဖြစ်ပွားခဲ့ပြီး အများဆုံး ဖြစ်ခဲ့သည်။




နိုင်ငံတဝန်း
ဖြစ်ပွားခဲ့သည့်
တိုက်ပွဲများ၏
**၄၉ ရာခိုင်နှုန်း**
**(၃,၇၆၇ ကြိမ်**
**ထက်မနည်း)**သည်
ကရင်ပြည်နယ်၊
ဖာပွန်မြို့နယ်အတွင်း
ဖြစ်ပွားခဲ့သည်။

**တိုက်ပွဲအမျိုးအစားများ**

- ■ (yellow) စစ်ကောင်စီ - တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ
- ■ (brown) စစ်ကောင်စီ - ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ
- ■ (red) စစ်ကောင်စီ - တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒေသခံကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များ
- ■ (blue) တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်း ဖြစ်ပွားသည့်တိုက်ပွဲများ

**တိုက်ပွဲ အကြိမ်အရေအတွက်**




ရည်ညွှန်း - ယခုဖော်ပြပါအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပေါ် အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားခြင်းဖြစ်သည်။ မြေပြင်တွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။

Gabyin Community


ISP DATA MATTERS
Conflict, Peace and Security

ISP ကပြင်ရပ်ဝန်း

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ် - ၃၃(ဃ)** | ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်

## ရခိုင်ပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားမှု မြင့်တက်လာ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလဆန်းမှစ၍ အပစ်အခတ်ရပ်စဲထားသည့် ရခိုင်ပြည်နယ်၌ စစ်အာဏာသိမ်းမှုအလွန်တွင် တိုက်ပွဲများ တကျော့ပြန် ဖြစ်ပွားခဲ့သည်။ တနှစ်နီးပါး အပစ်ရပ်နားခဲ့သည် စစ်ကောင်စီနှင့် ရခိုင်တပ်တော်(AA) တို့အကြား တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မှ မြို့နယ်ခြောက်ခုတွင် စစ်ကောင်စီနှင့် AA တို့အကြား တိုက်ပွဲ အကြိမ်ရေ **၄၀ ထက်မနည်း** ဖြစ်ပွားခဲ့သည်။ ထို့အပြင် စစ်ကောင်စီဘက်မှ လေကြောင်းတိုက်ခိုက်မှု **၁၄ ကြိမ်ထက်မနည်း** ပြုလုပ်ခဲ့သည်။ တိုက်ပွဲဖြစ်စဉ်များကြောင့် ဒေသခံ **၁၀,၉၂၂ ဦးထက်မနည်း** မှာလည်း ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။




ရည်ညွှန်း - ယခုဖော်ပြပါအချက်အလက်များသည် လွတ်လပ်သောသတင်းမီဒီယာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအပေါ် အခြေပြု၍ ISP-Myanmar မှ လက်လှမ်းမီသမျှ စုစည်းထားခြင်းဖြစ်သည်။ မြေပြင်တွင် ယခုထက်ပိုမို များပြားနိုင်ပါသည်။